# ပြည်ထဲရေး

သတင်းလွှာ

အတွဲ (၁၂) အမှတ် (၉)

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်


**စက်တင်ဘာလ (၁) ရက်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အထူးထုတ်**

## ပြည်ထဲရေးဝန်ကြီးဌာန (၁၂) ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း



၂၈-၇-၂၀၁၇ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ စုစည်းခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာန မိသားစု၏(၁၂)ကြိမ်မြောက်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် ဇနီးဒေါ်ဝင်းဝင်းမော်၊ ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်စိုးနှင့်ဇနီးဒေါ်ဆွေဆွေမြင့်၊အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ တပ်ဖွဲ့/ဦးစီးဌာနမှ ရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်ဇနီးများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ကြပါသည်။ ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒစရိယ ပျဉ်းမနားမြို့၊ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာမဏ္ဍိတ ဘဒ္ဒန္တကဝိသာရထံမှ ပရိတ်သတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပါသည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။ ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့်တာဝန်ရှိသူများကဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ မဏ္ဍိတ ဘဒ္ဒန္တကဝိသာရနှင့် သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး စျေးကုန်းကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာယူခဲ့ကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေ၍ ပင့်သံဃာ ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

**တက္ကသိုလ်ဝင်စာမေးပွဲတွင်ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော အကျဉ်းသား ကျောင်းသား၊ ကျောင်းသူ ၇ ဦး ပြစ်ဒဏ်မှလွတ်ငြိမ်းသက်သာခွင့်ပြု၍လွှတ်ပေးခဲ့ခြင်း**

စာ(၁၇)သို့

**၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (၆၆) နှစ်မြောက်နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး**

စာ(၁၄)သို့

**မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းဟောင်းများအသင်း(မန္တလေး)သို့ အလှူငွေပေးအပ်လှူဒါန်း**

စာ(၁၂)သို့

## ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E. Dr. Luan Thuy Duong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး **H.E. Dr. Luan Thuy Duong** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၂၆-၇-၂၀၁၇ ရက်နေ့ နေ့လည် ၁၅၀၀ နာရီအချိန်တွင် နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၀)ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခေတ္တရဲချုပ် ရဲမှူးချုပ် အောင်ဝင်းဦး၊ အထူးစုံစမ်းရေးစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဦးတို့ တက်ရောက်ခဲ့ပါသည်။ တွေ့ဆုံစဉ် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ မူခင်းကြိုတင်တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

## ၂၀၁၇ ခုနှစ်၊ နဝမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



၂-၈-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ နဝမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှဝန်ထမ်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးခဲ့ပါသည်။ ဗိုလ်လုပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာန ဘောလုံးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့ပါသည်။ ပြိုင်ပွဲအပြီး ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာန ဘောလုံးအသင်းအား ပြည်ထဲရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တံခွန်စိုက်ဆုကိုလည်းကောင်း ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဗိုလ်ချုပ်အောင်စိုးသည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. PauL R.Seger ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဗိုလ်ချုပ်အောင်စိုးသည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး **H.E. Mr. PauL R.Seger** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၁၄-၈-၂၀၁၇ ရက်နေ့ နေ့လည် ၁၄း၀၀ နာရီအချိန်တွင် နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၀)ရှိ ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်၊ အထူးစုံစမ်းရေး စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် မျိုးဆွေဝင်း၊ ရဲလေ့ကျင့်ရေးဌာနကြီး၊ ဒုတိယရဲလေ့ကျင့်ရေးအရာရှိချုပ် ရဲမှူးကြီးထက်လွင်တို့ တက်ရောက်ခဲ့ကြပါသည်။ တွေ့ဆုံစဉ် ၂၀၁၈ ခုနှစ် အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် **Basel** ရဲတီးဝိုင်းတို့ ပူးပေါင်းဖျော်ဖြေရေး ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။



# "ရာသီတုပ်ကွေးရောဂါ Seasonal Influenza (H1N1) ဖြစ်ပွားမှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ"များ ပြုလုပ်ခြင်း

### ကချင်ပြည်နယ်

၄-၈-၂၀၁၇ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကချင်ပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ "ရာသီတုပ်ကွေးရောဂါ **Seasonal Influenza (H1N1) Pdm 09** ဖြစ်ပွားမှု အသိပညာပေး ဆွေးနွေးပွဲ" ပြုလုပ်ခဲ့ရာ ကချင်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးသော်ဝင်းထွန်းနှင့် ဝန်ထမ်းများ၊ ဌာနမိသားစုဝင်များ၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းလွင် နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သတင်းရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့မှ ပြည်နယ်တာဝန်ခံများ စုစုပေါင်း (၅၀)ဦး တက်ရောက်ခဲ့ကြောင်း၊ ဆွေးနွေးပွဲတွင် ဒေါက်တာဝင်းလွင်မှ ရာသီတုပ်ကွေးဖြစ်ပွားမှု နှင့်ပတ်သက်၍ **(H1N1)** ရောဂါဖြစ်ပွားပုံနှင့် ရောဂါလက္ခဏာများအကြောင်း၊ ရောဂါဖြစ်ပွားလျှင် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကုသပေးခြင်းအကြောင်း၊ ကြိုတင်ကာကွယ်ရေး အခြေအနေများနှင့် တစ်ဦးချင်းလိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေး အသိပညာပေးခြင်းတို့အားလည်းကောင်း၊ နှစ်အလိုက် ရာသီတုပ်ကွေးရောဂါဖြစ်ပွားခဲ့သည့် အခြေအနေများအားလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

### ရန်ကုန်တိုင်းဒေသကြီး

၇-၈-၂၀၁၇ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ သတင်းနှင့်နည်းပညာဌာန အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြသက်ဝင်းမှ "ရာသီတုပ်ကွေးရောဂါ **(H1N1)** ဖြစ်ပွားမှု နှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ"ကို ကျင်းပပြုလုပ်ခဲ့ရာ သတင်းနှင့်နည်းပညာဌာနမှ ညွှန်ကြားရေးမှူး အပါအဝင် အရာထမ်း၊ အမှုထမ်းအင်အား (၆၀)ဦး တို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

### ကရင်ပြည်နယ်

၇-၈-၂၀၁၇ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ရုံး စုံညီအစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူး ဦးမြင့်သူ ဦးဆောင်၍ **H1N1** တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်မှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲ အခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ ဘားအံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အထက်တန်းသူနာပြု ဒေါ်တင်အေးမြင့်က **H1N1** တုပ်ကွေးရောဂါနှင့် ပတ်သက်သည့် ကြိုတင်ကာကွယ်မှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း



များကို ပရိုဂျက်တာဖြင့် ရှင်းလင်း၍ ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုဝင်များအား အသိပညာပေးဟောပြောခဲ့ကြောင်း သတင်း ရရှိပါသည်။

### ပဲခူးတိုင်းဒေသကြီး

၁၁-၈-၂၀၁၇ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၊ အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူး ဦးအောင်သန်းတိုး ဦးဆောင်သည့် ဝန်ထမ်းနှင့်မိသားစုများအား ပဲခူးတိုင်းဒေသကြီး၊ တိုင်းကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဒေါ်သင်းသင်းလှိုင်နှင့်အဖွဲ့က ရာသီတုပ်ကွေးရောဂါ **Seasonal Influenza A (H1N1) Pdm 09** ဆိုင်ရာအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ပြီး ဝန်ထမ်း(၅၁)ဦးအတွက် **Mask** များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။




# ရှမ်းပြည်နယ်ရုံး ကျန်းမာရေးစရိတ် ထောက်ပံ့ငွေပေးအပ်ခြင်း



၉-၈-၂၀၁၇ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံးမှ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဆွေ ဦးဆောင်သည့်အဖွဲ့ဝင်များသည် တောင်ကြီးမြို့၊ "စိန်"ဆေးရုံတွင် မီးဖွားနေသော စုံစမ်းရေးမှူး ဦးမျိုးခိုင်ဝင်း၏ ဇနီး စုံစမ်းရေးမှူး ဒေါ်မြင့်မြင့်ဌေးအား စားသောက်ဖွယ်အစုံ၊ ကလေး အသုံးအဆောင်ပစ္စည်းများနှင့် ငွေသားအပါအဝင် ၇၀,၀၀၀ိ/-(ကျပ်ခုနစ် သောင်းတိတိ)ကို မီးဖွားစရိတ်အဖြစ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်း ရရှိပါသည်။

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (၆၆) နှစ်မြောက်နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး

# “မွှေးဆဲ ကြိုင်ဆဲ လှိုင်မြဲ စံပယ်”

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (စစစ) စသုံးလုံးသည် အထူးဖွဲ့စည်းထားသည့် ဌာနဖြစ်ပြီး စတင်ဖွဲ့စည်းသည့် ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့မှစ၍ လူရိုသေ ရှင်ရိုသေ အဖွဲ့အစည်းအဖြစ် အစဉ်ရပ်တည်ခဲ့သည်၊ တပ်ဖွဲ့ အသွင်ဖွဲ့စည်းထားသည့်ဌာနနှင့် လက်နက်ကိုင်ဦးစီးဌာနဖြစ်နေခြင်းက အခြားဦးစီးဌာနနှင့်မတူ တမူထူးခြားနေတော့သည်။

ဌာနစတင်ဖွဲ့စည်းစဉ်ကတည်းကပင် ကောင်းမွန်သောရည်ရွယ်ချက်၊ ရည်မှန်းချက်များထားရှိခဲ့သည်၊ ပြောင်းလဲ လာသည့်ခေတ်နှင့်အညီ လုပ်ငန်းတာဝန်များအပေါ်မူတည်၍ ရည်မှန်းချက်များ ပြောင်းလဲချမှတ်ခဲ့ရသည်၊ **စီးပွားရေး ဆိုင်ရာပြစ်မှုများ စုံစမ်းဖော်ထုတ်အရေးယူရေး၊ ဝန်ထမ်းမသမာမှုများကို စုံစမ်းဖော်ထုတ်အရေးယူရေး၊ နိုင်ငံတော်လုံခြုံရေး သတင်းများ စုဆောင်းတင်ပြရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး**တို့သည်လတ်တလော ချမှတ်ထားသည့် ဦးစီးဌာန၏ ရည်မှန်းချက်များပင်၊ ရည်မှန်းချက်ပြောင်းလဲလာသလို ဌာန၏ အဓိက လုပ်ငန်းတာဝန်များလည်း ပြောင်းလဲလာခဲ့လေသည်။

ယခင်က **စုံစမ်းစစ်ဆေးခြင်းလုပ်ငန်း၊ ဌာနတွင်းဥပဒေအကြံပေးခြင်းလုပ်ငန်း၊ တရားစွဲတင်ခြင်းနှင့် တရားရုံး အမှုလိုက်ပါခြင်းလုပ်ငန်း၊ နိုင်ငံတော်လုံခြုံရေးသတင်းများ စုဆောင်းတင်ပြခြင်းလုပ်ငန်း** တို့ကို အဓိကလုပ်ငန်းတာဝန်များအဖြစ် ချမှတ်ခဲ့သော်လည်း တိုးတက်လာသော ခေတ်စနစ်နှင့်အညီ ကုမ္ပဏီနှင့် လူပုဂ္ဂိုလ် ဆိုင်ရာစိစစ်ပေးရမှုများ လာခြင်း၊ ဌာနတွင်းဥပဒေအကြံပေးမှုများသာမကမိမိခင်ပြည်ထဲရေးဝန်ကြီးဌာနအပြင် အခြားဝန်ကြီးဌာနများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့်ငွေကြေးခဝါချမှုတိုက်ဖျက်ရေးပဟိုအဖွဲ့တို့၏ အသစ်ပြဋ္ဌာန်းမည့် ဥပဒေများ၊ ပြင်ဆင်ရေးဆွဲမည့် ဥပဒေများအတွက်ပါ အကြံပေးနေရခြင်း၊ နိုင်ငံတော်အဆင့် အခမ်းအနားများနှင့် ပွဲတော်များတွင် လုံခြုံရေး ပူးပေါင်းဆောင်ရွက်နေခြင်းတို့ကြောင့် **စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဥပဒေအကြံပေးခြင်း၊ တရားစွဲတင်ခြင်းနှင့်တရားရုံးအမှုလိုက်ပါခြင်း၊ သတင်းထောက်လှမ်းစုဆောင်းတင်ပြခြင်းနှင့် လုံခြုံရေးဆောင်ရွက်ခြင်း**တို့ကို အဓိက လုပ်ငန်းများအဖြစ် သတ်မှတ်ခဲ့ပါသည်၊ အဓိကလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင်လည်း မူဝါဒများ ချမှတ်ပေးထားပေသည်။

ပြည်သူ့ဝန်ထမ်းများ၏ အဂတိလိုက်စားမှုနှင့် အကျင့်ပျက်ခြစားမှုများ၊ စီးပွားရေးမသမာမှုများ၊ အများပြည်သူထိခိုက်နစ်နာမှုများကို အဓိကထား စုံစမ်းစစ်ဆေးခဲ့ပြီး ပြည်သူ့ဝန်ထမ်းများ၏ အကျင့်ပျက်ခြစားမှုကို ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေးဆိုင်ရာ အက်ဥပဒေနှင့်တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့သည်၊ ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ကို သီးခြားဖွဲ့စည်းခဲ့သည်၊ ယင်းနောက်တွင် ပြည်သူ့ဝန်ထမ်းများ၏ အကျင့်ပျက်ခြစားမှုကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကသာ အရေးယူဆောင်ရွက်လျက်ရှိပေသည်၊ သို့ရာတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပြင်ဆင်ခြင်း၊ ကုလသမဂ္ဂလက်အောက်ခံ **UNODC**၊ **UNDP**၊ **UNAFEI** တို့အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်ဆံဆွေးနွေးခြင်း၊ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း(**UNCAC**)အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ် ဒုတိယစက်ဝန်း(၂၀၁၆-၂၀၂၀)တွင် အစိုးရဌာနဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့ (**Governmental Expert Team**) နှင့် လုပ်ငန်းကော်မတီများတွင် ဌာနဝင်အရာရှိများက အဖွဲ့ဝင်များအဖြစ် ပါဝင်ကာ အကဲဖြတ်ဆန်းစစ်ချက် (**SAC**) တွင် စိစစ်သုံးသပ်ချက်နှင့် အကြံပြုချက်များ ပေးပို့ရလျက်ရှိပါသည်၊ မြန်မာနိုင်ငံဆိုင်ရာ စီမံကိန်း (**Country Program**) ၂၀၁၅-၂၀၁၈ အားနှင့် ပူးပေါင်း၍ စီမံကိန်း (၅)ခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့် စီမံကိန်း (၂)၏ လုပ်ငန်းကော်မတီတွင်လည်း ဌာနဝင်အရာရှိများက ခေါင်းဆောင်လျက်ရှိပါသည်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ စစ်ဆေးခြင်းလုပ်ငန်းများတွင်လည်း ကော်မရှင်က အကူအညီ တောင်းခံလာပါကပူးပေါင်းဆောင်ရွက်နေရပါသည်။

လက်ရှိတွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာစိစစ်မှုများ၊ စစ်ဆေးမှုများတွင် ဦးစီးဌာနက တာဝန်ယူဆောင်ရွက် ပေးနေရပေသည်၊ နိုင်ငံတကာ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့အစည်းများဖြစ်သည့် **FATF** နှင့် **APG** တို့၏ အကဲဖြတ်လုပ်ငန်းစဉ်များတွင်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်၊ **FATF** သည် ၂၀၀၇ ခုနှစ်တွင် နိုင်ငံတကာ ဆောင်ရွက်လေ့လာသုံးသပ်ရေးအဖွဲ့(**Intenational Cooperation Review Group-ICRG**)ကို ဖွဲ့စည်း၍ နိုင်ငံများအပေါ် စိစစ်ခဲ့သည်၊ ထိုသို့စိစစ်ချက်အရ ၂၀၁၁ ခုနှစ် ဖွန်လတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးတွင် သိသာထင်ရှားစွာမဆောင်ရွက်နိုင်သော နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံကို အားနည်းချက် (၆) ရပ်နှင့်အတူ အများပြည်သူသို့ထုတ်ပြန်ကြေညာချက် (**Public Statement**) စာရင်းတွင် ထည့်သွင်းခဲ့သည်၊ မြန်မာနိုင်ငံ၏ လိုက်နာဆောင်ရွက်မှုများကိုလည်း စဉ်ဆက်မပြတ်လုပ်ငန်းစဉ် (**On-Going-Process**) ဖြင့် စောင့်ကြည့်စစ်ဆေးခဲ့ပေသည်၊ **ICRG** က စေလွှတ်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ မြန်မာနိုင်ငံ သို့လာရောက်စဉ် ပြည်ပနိုင်ငံများမှ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့များနှင့် **MoU** လက်မှတ်ရေးထိုးနိုင်မှု၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်မှုများကို ပြည့်စုံစွာရှင်းလင်းနိုင်ခဲ့ပေသည်၊ **ICRG** အဖွဲ့ကို ကျေနပ်လက်ခံအောင် ရှင်းပြနိုင်ခြင်း၊ တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့တွင် ပြုလုပ်ခဲ့သည့် FATF မျက်နှာစုံညီ အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားနိုင်ခဲ့ခြင်း၊ ဆောင်ရွက်ချက် စာတမ်းများ ဖြန့်ဝေနိုင်ခဲ့ခြင်းတို့ကြောင့် မြန်မာနိုင်ငံအား စောင့်ကြည့်စစ်ဆေးသည့် လုပ်ငန်းစဉ်မှ ပယ်ဖျက်ပေးခဲ့တော့သည်၊ အဆိုပါစာရင်းမှ ပယ်ဖျက်ပေးမှုက အမေရိကန်မျိုးချစ်အက်ဥပဒေ (**US Patriot Act**) အရ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများကို ပြန်လည်ပြင်ဆင်ရန် လမ်းကြောင်းပေးသည့် သဘောသက်ရောက်ခဲ့လေသည်၊ အဆိုပါ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်မှုများတွင်လည်း ဦးစီးဌာနအရာရှိများက ထဲထဲဝင်ဝင် ဆောင်ရွက်ခဲ့ပေသည်။

ဦးစီးဌာနသည် ပါလီမန်ဒီမိုကရေစီခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ တပ်မတော်အစိုးရ အဆက်ဆက်မှသည်လက်ရှိအရပ်သား အစိုးရအဖွဲ့အထိ ယုံကြည်အားထားရသည့် အဖွဲ့အစည်း အဖြစ်ရပ်တည်လာခဲ့ပြီး စစ်ဆင်ရေးအသွင်ဖြင့်

**စာမျက်နှာ (၅) သို့**

## ရောဝတီတိုင်းဒေသကြီးရုံး ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း




၁၈-၇-၂၀၁၇ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရောဝတီတိုင်းဒေသကြီးရုံး၌ ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင် ဦးဆောင်မှုဖြင့် ဝန်ထမ်းများသည် ရုံးအစည်းအဝေးခန်းမတွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ကျင်းပခဲ့ရာ အခမ်းအနားသို့ ပျဉ်းမနားမြို့၊ မဟာလယ်တီစံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဂန္ထဝါစကပဏ္ဍိတ **ဘဒ္ဒန္တကုန္ဒာဝုဓ ဦးဆောင်သော သံဃာတော်(၃)ပါး ကြွရောက်ပြီး ကိုးပါးသီလ တရားချီးမြှင့်ခြင်း၊ ပရိတ်တရားချီးမြှင့်ခြင်း၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း ရသည့်အကျိုးတရားများကို ဟောကြားချီးမြှင့်ခြင်းနှင့် ရေစက်သွန်းချ အမျှဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ သံဃာတော်များအား ဝါဆိုသင်္ကန်း (၇)စုံနှင့် နဝကမ္မဝတ္ထုအလှူငွေ စုစုပေါင်း ၆၀၃,၀၀၀/-(ကျပ်ခြောက်သိန်း သုံးထောင်တိတိ)တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။**

## ရခိုင်ပြည်နယ်ရုံး ခေါက်ဆွဲခြောက်နှင့်ကော်ဖီမစ်ထုတ်များလောင်းလှူခြင်း

၂၃-၇-၂၀၁၇ ရက်နေ့တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှကြီးမှူး၍ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်ရုံး၌ ညွှန်ကြားရေးမှူး ဦးမြင့်လွင် ဦးဆောင်မှုဖြင့် ဝန်ထမ်းများသည် စစ်တွေမြို့၊ ရဲနွယ်စုရပ်ကွက်ရှိ လောကနန္ဒာစေတီတော်မြတ်ကြီးတွင် သံဃာတော်(၆၉)ပါး၊ သီလရှင် အပါး(၂၀)တို့အား တန်ဖိုးငွေ ၁၉၉,၀၀၀/-(ကျပ်တစ်သိန်းကိုးသောင်း ကိုးထောင်တိတိ)ရှိ ခေါက်ဆွဲခြောက်နှင့် ကော်ဖီမစ်ထုတ်များ လောင်းလှူခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## စစ်ကိုင်းတိုင်းဒေသကြီးရုံး ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း



၁၅-၇-၂၀၁၇ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး ဓမ္မာရုံ၌ ညွှန်ကြားရေးမှူး ဦးအောင်မျိုးကျော် ဦးဆောင်၍ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် တော်ဝင်ဘုံစံကျောင်းတိုက်မှ ပင့်သံဃာ(၅)ပါးတို့အား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ဝါဆိုသင်္ကန်း (၅)စုံနှင့် စုစုပေါင်း လှူဒါန်းငွေ ၄၂၆,၃၀၀/-(ကျပ်လေးသိန်း နှစ်သောင်းခြောက်ထောင့်သုံးရာတိတိ)ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

### မွေးဆဲကြိုင်ဆဲလှိုင်မြဲ... မှ

တစ်မျိုး၊ လူစိတ်ဝင်စားသည့် အမှုကြီးများတစ်ဖုံ၊ အစုံစုံကို ဆင်ခြင်တုံတရားဖြင့် သတိကြီးကြီးထား၍ ပိပိရိရိ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်၊ လက်ရှိတွင်လည်း အထက်အဖွဲ့အစည်းများ၏ တာဝန်ပေးအပ်မှုတို့ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စေ့စပ်သေချာစွာ စုံစမ်းစစ်ဆေးပြီး ပြန်လည်တင်ပြလျက်ရှိသည်၊ အရေးယူရမည့် အခြေအနေတွင်လည်း ဥပဒေအရ တိကျသေချာစွာ အရေးယူလျက်ရှိပေသည်။

တိုးပွားလာသည့် လူဦးရေ၊ တိုးချဲ့လာခဲ့ရသည့် မြို့နှင့် မြို့နယ်၊ ကျေးရွာများကြောင့် လုပ်ငန်းတာဝန်များကို ပိုမိုဆောင်ရွက်နိုင်ရန် ဦးစီးဌာန၏ ဖွဲ့စည်းပုံအင်အားကိုလည်း ချဲ့ထွင်ခဲ့ရပြီး အဆင့်အတန်းအလိုက် ရာထူးအဆင့် တံဆိပ်များကိုလည်း အမြင်တင့်ဖွယ် တူတူတန်တန် ပြောင်းလဲတပ်ဆင်နိုင်ခဲ့ပါသည်၊ တိုးချဲ့လာသည့် ဖွဲ့စည်းပုံအင်အားနှင့်အညီ ဦးစီးဌာနချုပ်ရုံးအပြင် ပြည်နယ်၊ တိုင်းဒေသကြီးများတွင် ရုံးများနှင့် ဝန်ထမ်းများနေထိုင်နိုင်ရေး အိမ်ရာများကိုလည်း တိုးချဲ့ဆောက်လုပ်နိုင်ခဲ့ပြီး ဆောက်လုပ်ဆဲလည်း ဖြစ်ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့၏ ဌာနကို အားကိုးယုံကြည်ပြီး ဖြောင့်မတ်မှန်ကန်သည့်လမ်းညွှန် အားပေးထောက်ပံ့မှုများ၊ ဦးစီးဌာနအကြီးအကဲအဆက်ဆက်၏ အမြော်အမြင်ကြီးမားမှု၊စေတနာကောင်းမွန်မှု၊ ဦးစီးဌာနနှင့် ဝန်ထမ်းများအပေါ် သံယောဇဉ်ကြီးမားမှု၊ လက်အောက်ဝန်ထမ်းများ၏ ဌာနကြီး လူရှိသေ၊ ရှင်ရိုသေအဖြစ် နိုင်ငံတော်နှင့် ပြည်သူများက ယုံကြည်ကိုးစားအားထားလာစေရေး ချမှတ်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ မနေမနား အားထုတ်ကြိုးစားမှု၊ မီးကုန်ယမ်းကုန် ကြိုးစားအားထုတ်လုပ်ကိုင်ခဲ့ကြပြီး မလွန်ဆန်နိုင်သည့်သဘာဝတရားအရ အငြိမ်းစားယူသွားကြရသော်လည်း ထုထည်ကြီးမားလှသည့် သံယောဇဉ်ကြောင့် ပြင်ပမှ ဝိုင်းဝန်းပံ့ပိုးအားကောင်းလွန်းသည့် အငြိမ်းစားဝန်ထမ်းကြီးငယ်များ၏ အထောက်အပံ့များကလည်း သန့်ရှင်းသည့် လေပြေအကြား အမွှေးရနံ့များ သင်းပျံ့သည့် ဦးစီးဌာနအဖြစ် (၆၆) နှစ် ပြည့်သည့်တိုင် ရပ်တည်နိုင်စေခဲ့ပေသည်၊ ကျွဲရိုင်းတို့မည်သည် အန္တရာယ်ပြုမည့် အရောင်မြင်က ချိုအစုံကို အစွမ်းကုန်ဖွင့်၍ တိုးဝှေ့သကဲ့သို့ နိုင်ငံနှင့် ပြည်သူအကျိုး ထိခိုက်နစ်နာသည့်၊ နစ်နာရမည့် အရေးတို့အတွက် စသုံးလုံးတို့သည် အစွမ်းရှိသမျှ တက်စုံ၊ ရွက်ကုန်ဖွင့်၍၊ ဆင်ခြင်၍၊ မြော်မြင်၍၊ စာနာ၍ ဆထက်ထမ်းပိုး စုံစမ်းဖော်ထုတ်ကြိုးစားနေကြလိမ့်ဦးမည်၊ စံပယ်တို့၏ရနံ့သည် အစဉ်အလာရှိသည်နှင့်အညီလေထက် လေညာ ဆက်လက်မွှေးပျံ့နေလေဦးမည်ဖြစ်သည်။

## မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးတင်မိုး ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းများကြည့်ရှုစစ်ဆေး



မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှ ဇူလိုင်လ ၂၃ ရက်နေ့အထိ ကရင်ပြည်နယ်အတွင်းရှိ မြိုင်ကလေးနယ်မြေ၊ မြဝတီမြို့နယ်၊ သဃ်န်းညီနောင်နယ်မြေ၊ ကော့ကရိတ်မြို့နယ်၊ ကျုံဒိုးနယ်မြေ မီးသတ်စခန်းများအားလည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မုဒုံမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ ချောင်းဆုံမြို့နယ်၊ မုဒွန်းနယ်မြေ၊ မော်လမြိုင်မြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီနယ်မြေ၊ ရေးမြို့နယ်၊ မုတ္တမနယ်မြေ၊ ပေါင်မြို့နယ်၊ သထုံမြို့နယ် ကျိုက်ကော်နယ်မြေ၊ ဘီးလင်းမြို့နယ်၊ ကျိုက်ထီးရိုးနယ်မြေ၊ ကျိုက်ထိုမြို့နယ် မီးသတ်စခန်းများအားလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ် မီးသတ်စခန်းအားလည်းကောင်း အသီးသီး လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အဆိုပါခရီးစဉ်အတွင်း မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ သန္ဒေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့်တွေ့ဆုံအမှာစကားပြောကြားရာတွင် မီးသတ်ဦးစီးဌာနရဲ့ အဓိကတာဝန်ကြီး (၄)ရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး လုပ်ငန်းများကို အသေးစိတ်လမ်းညွှန်အမှာစကားပြောကြားခဲ့ပြီး တပ်ဖွဲ့ဝင်များအနေဖြင့် အရက်၊ မူးယစ်ဆေးဝါး၊ လောင်းကစား၊ ငွေရေးကြေးရေးကိစ္စများ၊ အမျိုးသမီးကိစ္စများနှင့် လူမှုရေးကိစ္စများ မဖြစ်ပွားစေရေးရှောင်ကြဉ်သွားကြရန်လိုအပ်ကြောင်း၊ မီးသတ်စခန်း တာဝန်ခံများမှ လက်အောက်ငယ်သားများအပေါ် **Command** ပေးစေခိုင်းရုံဖြင့် ပြည့်စုံမှု မရှိကြောင်း၊ **Control** ဖြင့်ပါ ထိန်းချုပ်သွားရန်လိုအပ်ကြောင်းနှင့် တပ်ဖွဲ့ဝင်များ မိသားစုစိတ်ဓာတ်ဖြင့် ချစ်ချစ်ခင်ခင် စည်းလုံးညီညွတ်စွာနေထိုင်သွားကြရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် မီးသတ်စခန်းမှူးသင်တန်း အမှတ်စဉ်(၁၀/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ




ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန မီးသတ်စခန်းမှူး သင်တန်းအမှတ်စဉ် (၁၀/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ၂၄-၇-၂၀၁၇ရက်နေ့၊ နံနက်ပိုင်း၌ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်၊ လေ့ကျင့်ရေးဌာနစုတွင် ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးမှ သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းကို မီးသတ်တပ်ဖွဲ့တွင် အရည်အချင်းပြည့်ဝသည့် မီးသတ်အရာရှိများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် အရာရှိများအနေဖြင့် အဆင့်မြင့်မီးသတ်ပညာရပ်များ၊ ရုံးလုပ်ငန်းတာဝန်များကို နားလည်တတ်ကျွမ်းပြီး တစ်ဦးချင်းလုပ်ငန်း စွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရန်နှင့် နိုင်ငံတော်၏ စီမံကိန်းများ၊ ဝန်ကြီးဌာန၏မူဝါဒလမ်းညွှန်ချက်များကို သိရှိနားလည်ပြီး မီးသတ်ဦးစီးဌာန၏ မူဝါဒရည်မှန်းချက်တာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်မီးသတ်ဦးစီးမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ၂၀၁၇ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့မှ စက်တင်ဘာလ ၁ ရက်နေ့အထိ ရက်သတ္တ(၆)ပတ်ကြာ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ သင်တန်းသား အင်အား (၅၀)ဦးဖြင့် ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမြတ်သူ မကွေးတိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းများ ကြည့်ရှုစစ်ဆေး



မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူသည် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့မှ ဇူလိုင်လ ၁၈ ရက်နေ့အထိ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူခရိုင်မီးသတ်ဦးစီးမှူးရုံး၊ ပေါက်မြို့နယ်မီးသတ်စခန်း၊ ထီးလင်းမြို့နယ်မီးသတ်စခန်း၊ ဂန့်ဂေါခရိုင်မီးသတ်ဦးစီးမှူးရုံး၊ မြိုင်မြို့နယ်မီးသတ်စခန်းနှင့် ရေစကြိုမြို့နယ်မီးသတ်စခန်းများအားလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အဆိုပါ ခရီးစဉ်အတွင်း မီးသတ်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူမှ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ သန္ဒေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ အမှာစကားပြောကြားရာတွင် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ အခက်အခဲများကိုယ်တိုင်သိရှိနားလည်ပြီး လိုအပ်ချက်များဖြေရှင်းပေးနိုင်ရန် ယခုလို လာရောက်ခြင်းဖြစ်၍ ပွင့်ပွင့်လင်းလင်းတင်ပြနိုင်ကြောင်း၊ မီးသတ်တပ်ဖွဲ့သည်ပြည်သူကို **Services** ဝန်ဆောင်မှုပေးသောတပ်ဖွဲ့ဖြစ်၍ ပြည်သူလူထုမှ အားကိုးယုံကြည်ရသောမီးသတ်တပ်ဖွဲ့ဝင်များဖြစ်အောင် နေထိုင်သွားဖို့လိုကြောင်း၊ တပ်ဖွဲ့ဝင်များအနေဖြင့် **Men Power,Equipment Power, Technical Power (MET Power)** ကျွမ်းကျင်နေရမှာဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်များအနေဖြင့် အရက်၊ မူးယစ်ဆေးဝါး၊ လောင်းကစား၊ လာဘ်ပေးလာဘ်ယူကိစ္စများ မဖြစ်ပွားစေရေး၊ မိသားစုစိတ်ဓာတ်ဖြင့် ချစ်ချစ်ခင်ခင်စည်းလုံးညီညွတ်စွာ နေထိုင်သွားကြရန် လမ်းညွှန်မှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင်ယာဉ်မောင်းသင်တန်း အမှတ်စဉ်(၅၉/၂၀၁၇)သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ




ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် ယာဉ်မောင်းသင်တန်း အမှတ်စဉ်(၅၉/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ၁၄-၈-၂၀၁၇ ရက်နေ့၊ နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ လေ့ကျင့်ရေးဌာနစု၌ ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမြတ်သူမှ သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ သင်တန်းသားများအား မီးသတ်ဦးစီးဌာန လိုအပ်ချက်ဖြစ်သော မီးသတ်ယာဉ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနှင်တတ်စေရန်နှင့် မီးသတ်ယာဉ်/စက်များ ကြံ့ခိုင်ကောင်းမွန်စေရေးအတွက် ယာဉ်/စက်ပြုပြင်ထိန်းသိမ်းနည်းများကို နားလည်တတ်ကျွမ်းစေရန် ရည်ရွယ် ဖွင့်လှစ်ခြင်း ဖြစ်ပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်မီးသတ်ဦးစီးမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့မှ အောက်တိုဘာလ ၆ ရက်နေ့အထိ ရက်သတ္တ(၈)ပတ်ကြာ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ သင်တန်းသား အင်အား (၅၅)ဦးဖြင့် ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ အခြေခံမီးသတ်ပညာသင်တန်း(တပ်သားသစ်) အမှတ်စဉ်(၁၄/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ




မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ပြင်ဦးလွင်မြို့တွင် အခြေခံမီးသတ်ပညာသင်တန်း(တပ်သားသစ်)အမှတ်စဉ် (၁၄/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဗဟိုမီးသတ်သင်တန်းကျောင်း၊ အနော်ရထာခန်းမ၌ ၂၄-၇-၂၀၁၇ရက်နေ့၊ ဝ၈း၃၀ အချိန်၌ ကျင်းပပြုလုပ်ခဲ့ရာ၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်ကျော်မှ သင်တန်းဖွင့်ပွဲမိန့်ခွန်းပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းကို မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်(၄)ရပ်ဖြစ်သော မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးစသည့် လုပ်ငန်းရပ်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အခြေခံမီးသတ်ပညာရပ်များ၊ အခြေခံရှာဖွေကယ်ဆယ်ရေးနည်းစနစ်များနှင့် အခြေခံစစ်ပညာရပ်များကို စာတွေ့/လက်တွေ့သင်ကြားလေ့ကျင့်ပေးရန်ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဌာနခွဲမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများတက်ရောက်ခဲ့ကြပြီး သင်တန်းကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၄ရက်နေ့မှ အောက်တိုဘာလ ၁၀ ရက်နေ့အထိ ရက်သတ္တ(၁၂)ပတ်ကြာ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ သင်တန်းသား အင်အား (၅၀၀)ဦးဖြင့် ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ အခြေခံရှာဖွေကယ်ဆယ်ရေးသင်တန်း(အမျိုးသား)အမှတ်စဉ်(၂၄/၂၀၁၇)သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ




မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ပြင်ဦးလွင်မြို့တွင် အခြေခံရှာဖွေကယ်ဆယ်ရေးသင်တန်း (အမျိုးသား) အမှတ်စဉ် (၂၄/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဗဟိုမီးသတ်သင်တန်းကျောင်း၊အနော်ရထာခန်းမ၌ ၇-၈-၂၀၁၇ရက်နေ့၊ ဝ၈း၃၀ အချိန်၌ ကျင်းပပြုလုပ်ခဲ့ရာ၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်ကျော်မှ သင်တန်းဖွင့်ပွဲမိန့်ခွန်း ပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းကို မီးသတ်ဦးစီးဌာနရှိ တပ်ဖွဲ့ဝင်များအနေဖြင့် ခေတ်နှင့်အညီ နိုင်ငံတကာ၌ ကျင့်သုံးနေသော အသက်ကယ် နည်းစနစ်များကို ကျွမ်းကျင်တတ်မြောက်စေရန်၊ အထပ်မြင့်အဆောက်အဦများအပါအဝင် အဆောက်အဦမျိုးစုံတွင်အကျဉ်းအကြပ် အတွင်းရောက်နေသူ၊ ပိတ်မိနေသူဒုက္ခသည်များအား ကယ်ဆယ်နိုင်ရန်နှင့် လုံခြုံရေးဆိုင်ရာ လုပ်ငန်းများအား ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန်၊ ကျန်းမာကြံ့ခိုင်ပြီး လုပ်ငန်းစွမ်းရည်မြင့်မားသည့် တပ်ဖွဲ့ဝင်များအဖြစ် ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဗဟိုမီးသတ်သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဌာနခွဲမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှ စက်တင်ဘာလ ၂၉ ရက်နေ့အထိ ရက်သတ္တ(၈)ပတ်ကြာ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ သင်တန်းသားအင်အား (၅၀)ဦးဖြင့် ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် မီးဘေးလုံခြုံရေးတာဝန်ခံသင်တန်းအမှတ်စဉ်(၄၉/၂၀၁၇)သင်တန်းဖွင့်ပွဲကျင်းပ




ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် မီးဘေးလုံခြုံရေး တာဝန်ခံ **(Fire Safety Manager)** သင်တန်း အမှတ်စဉ်(၄၉/၂၀၁၇) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၁၄-၈-၂၀၁၇ရက်နေ့၊ (၁၀း၃၀)အချိန်၌ အမှတ်(၂၇၅/ဘီ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်ရှိ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေးအသိပညာပေးရေးဌာနတွင် ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးကျော်သူရမှ သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းကို နိုင်ငံတော်ရှိ စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများ၊ ကုမ္ပဏီရုံးကြီးများ၊ ဈေးများ၊ မီးဘေးစိုးရိမ်ရသော လုပ်ငန်းများတွင် မီးဘေးလုံခြုံရေး စီမံခန့်ခွဲမှုစနစ်များကို စနစ်တကျ စီမံခန့် ခွဲနိုင်ရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ကြီးမားသည့်အနှောက်အယှက်အဟန့်အတားဖြစ်စေသော မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော်မီးဘေးကာကွယ်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူလူထုအတွင်း မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး အသိပညာများစိမ့်ဝင်ပျံ့နှံ့စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ခရိုင်မီးသတ်ဦးစီးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်ဥက္ကဋ္ဌများ၊ ဈေးသာယာရေးကော်မတီဥက္ကဋ္ဌများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများ၊ ကုမ္ပဏီရုံးကြီးများ၊ ဈေးများ၊ မီးဘေးစိုးရိမ်ရသောလုပ်ငန်းများတွင်မီးဘေးလုံခြုံရေးတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်မည့်သင်တန်းသား/သူ(၅၀)ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို၂၀၁၇ခုနှစ် ဩဂုတ်လ(၁၄)ရက်နေ့မှ စက်တင်ဘာလ (၈)ရက်နေ့အထိ ရက်သတ္တ (၄)ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ဗဟန်းမြို့နယ်၊ Myanmar Plaza မှလုံခြုံရေးဝန်ထမ်းများအား မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး တာဝန်ယူဆောင်ရွက်သော ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့်စက်မှု(၁) လမ်းထောင့်ရှိ **Myanmar Plaza** မှလုံခြုံရေးဝန်ထမ်းများအား မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်းပွဲအခမ်းအနားကို ၁၅-၇-၂၀၁၇ရက်နေ့၊ (၀၉း၀၀)အချိန်၊ **Myanmar Plaza** ရှိ **HAGL** ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးကြည်ဝင်းမှ သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးကြည်ဝင်း၊ အနောက်ပိုင်းခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် **HAGL** မှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား/သူ(၆၀)ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့မှ ဇူလိုင်လ ၁၅ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## မီးသတ်ဦးစီးဌာန၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဆွေးနွေးပွဲကျင်းပခြင်း



၁၀-၇-၂၀၁၇ရက်နေ့၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ သီတာခန်းမတွင် မီးသတ်ဦးစီးဌာန၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးကော်မတီ ဆွေးနွေးပွဲကို မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ဇနီး ဒေါက်တာဒေါ်ခင်မေအေး ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ မိသားစုဝင်များနှင့် တပ်ဖွဲ့ဝင်အမျိုးသမီးဝန်ထမ်းများတက်ရောက်ကြပါသည်။ ဆွေးနွေးပွဲတွင် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မေအေးမှသဘာပတိအဖြစ်ဆောင်ရွက်ပြီး မိသားစုဝင်များကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးစောလှထွန်းစံ၏ဇနီး ဒေါ်နော်အယ်လ်စေးမှ“**ကလေးသူငယ်ကိုလျစ်လျူရှုခြင်း**” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တပ်ဖွဲ့ဝင်အမျိုးသမီးဝန်ထမ်းများကိုယ်စား လက်ထောက်မီးသတ်ဦးစီးမှူးဒေါ်နန်းယုလှိုင်မှ“**ဝက်တုပ်ကွေး H1N1 အကြောင်းဆွေးနွေးခြင်း**”ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပါသည်။

ထို့နောက် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ ဒေါက်တာဒေါ်ခင်မေအေးမှ ဆွေးနွေးတင်ပြချက်များအပေါ် ထပ်ဆင့်ဆွေးနွေး၍ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ပြီးနောက် လိုင်းခန်းသန့်ရှင်းရေး အကောင်းဆုံးဆုရရှိသူ အမျိုးသမီး တပ်ဖွဲ့ဝင် အိမ်ရှင်မ(၁)ဦးနှင့် မိသားစုအိမ်ရှင်မ(၁)ဦးတို့အား ဆုများအသီးသီးပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သယ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏအားကစားကွင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက ရှာဖွေကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်နေမှု



၆-၈-၂၀၁၇ရက်နေ့၊ (၁၀း၀၀) အချိန်၊ ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သယ်န်းကျွန်းမြို့နယ်၊သုဝဏ္ဏအားကစားကွင်း၌ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကြည်ဝင်း၏ကြီးကြပ်မှုဖြင့် မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဇာတ်တိုက် လေ့ကျင့်မှုကို သုဝဏ္ဏအားကစားကွင်းရှိ အထူးတန်းပွဲကြည့်စင်၌ အရှေ့ပိုင်းခရိုင်အတွင်းရှိ သန္နွေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် မီးငြိမ်းသတ်ရေးအဖွဲ့(၁)ဖွဲ့နှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့(၁)ဖွဲ့တို့ဖြင့် ဇာတ်တိုက်သရုပ်ပြ လေ့ကျင့်ဆောင်ရွက်ကြပါသည်။

ထိုသို့ ဇာတ်တိုက်သရုပ်ပြ လေ့ကျင့်ရာတွင် အထပ်မြင့်မီးငြိမ်းသတ်ရေး အဆင့်မြင့်ပစ္စည်းကိရိယာများ အသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ ပိတ်မိလူနာများအား လှေကားတင်ယာဉ် အသုံးပြု၍ ကယ်ဆယ်ခြင်း၊ ကြိုးဆင်းနည်းစနစ် အသုံးပြုကယ်ဆယ်ခြင်း၊ လေမွေ့ယာအသုံးပြု၍ အထပ်မြင့်မှ ကယ်ဆယ်ခြင်း၊ **Hydraulic Spreader Cutter Ram ၊ Engine Cutter Lifting Bags** များ အသုံးပြု၍ ကယ်ဆယ်ခြင်း၊ **Slop** ဆင်းခြင်း၊ **Slow-down**ဆင်းခြင်းများဖြင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြသမှုများအား ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကြည်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုး၊ အရှေ့ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ ခရိုင်(၄)ခရိုင်မှ ခရိုင်မီးသတ်ဦးစီးမှူးများ၊ ခရိုင်အဆင့် သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ အင်အားစုစုပေါင်း(၂၀၀)ဦးတို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ဗဟိုမီးသတ်သင်တန်းကျောင်း၊ H1N1 တုပ်ကွေးရောဂါပိုး (Swine Flu) ဖြစ်ပွားမှုနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်မှုဆိုင်ရာ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပ

မီးသတ်ဦးစီးဌာန၊ ဗဟို မီးသတ်သင်တန်းကျောင်း၊ ပြင်ဦးလွင်မြို့တွင် **H1N1** တုပ်ကွေးရောဂါပိုး **(Swine Flu)**ဖြစ်ပွားမှုနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်မှုဆိုင်ရာ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်နေ့ (၀၉း၃၀)နာရီတွင် ဗဟိုမီးသတ်သင်တန်းကျောင်း၊ အနော်ရထာခန်းမ၌ ကျင်းပရာ ဟောပြောပွဲအခမ်းအနားတွင် မြို့နယ်ကုသရေးဦးစီးမှူး ဖီးပင်ကြီးကုတင်(၅၀)ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်အေးအေးနွယ်နှင့် လက်ထောက်ဆရာဝန် ဒေါ်သွယ်သွယ်အောင်တို့မှ **H1N1**တုပ်ကွေးရောဂါပိုး **(Swine Flu)**ဖြစ်ပွားမှုနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်မှုဆိုင်ရာ ကျန်းမာရေးအသိပညာပေးဟောပြောခြင်း ပြုလုပ်ခဲ့ပါသည်။




အဆိုပါ **H1N1**တုပ်ကွေးရောဂါပိုး **(Swine Flu)** ဖြစ်ပွားမှုနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်မှုဆိုင်ရာ ကျန်းမာရေး အသိပညာပေးဟောပြောပွဲသို့ ဗဟိုမီးသတ်သင်တန်းကျောင်းမှ အရာရှိကြီးများ၊ အရာရှိများနှင့် တပ်ဖွဲ့ဝင်(၂၀၀)ဦး၊ မိသားစုဝင်(၁၀၀)ဦး၊ သင်တန်းသား/သူ(၈၃၅)ဦး၊ စုစုပေါင်းအင်အား (၁၁၃၅) ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ မဟာသုခလမ်းရှိ မီးရထားရဲဝန်ထမ်းအိမ်ရာတွင် ဂက်စ်မီးဖိုဖြင့်ဟင်းအိုးတည်ရာမှမီးလောင်မှုဖြစ်

၂၅-၇-၂၀၁၇ရက်နေ့ (၁၀း၂၇)အချိန်ခန့်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ မဟာသုခလမ်းရှိ မီးရထားရဲဝန်ထမ်းအိမ်ရာ(၁၀×၄၀)ပေ၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း(၆)ခန်းတွဲနေရဲတပ်သားမျိုးဇော်အောင်၏ အခန်းအမှတ်(၅)တွင် အတူနေထိုင်သူ မောင်ရဲဝင်းနိုင်မှ ဂက်စ်မီးဖိုဖြင့် ဟင်းအိုးတည်ထားခဲ့ရာမှ အနီးရှိအကာထရံသို့ မီးကူးစက်လောင်ခဲ့ကြောင်း (၁၀း၃၀)အချိန်သတင်းရရှိခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်မီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ်(၂၆)စီး၊ အထောက်အကူပြုယာဉ်(၂)စီး၊ အုပ်ချုပ်မှုယာဉ်(၆)စီး၊ သန္နွေမီးသတ်တပ်ဖွဲ့ဝင်(၂၁၇)ဦး၊ အရန်မီးသတ် တပ်ဖွဲ့ဝင်(၄၅)ဦးတို့ဖြင့် **DCP (2Kg)** မီးသတ်ဆေးဘူး(၁)ဘူး၊ ရေဂါလန် (၂၃၀၀၀)ခန့် အသုံးပြုငြိမ်းသတ်ခဲ့ရာ (၁၀း၄၈)အချိန် မီးငြိမ်းခဲ့ပါကြောင်း၊ မီးလောင်မှုကြောင့်(၁၀×၄၀)ပေ၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း(၆)ခန်းတွဲဝန်ထမ်း နေအိမ်(၂)လုံးနှင့် အတွင်းပစ္စည်းများမီးလောင်ခံရပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ် ၁၅၆၀၀၀၀၀/-(ကျပ်တစ်ဆယ့်ငါးသိန်းခြောက်သောင်း)ခန့်ဖြစ်ကြောင်းနှင့် မောင်ရဲဝင်းနိုင်အား မင်္ဂလာတောင်ညွှန့်မြို့နယ်၊ မြို့မရဲစခန်းမှ (ပ)၄၃၃/၂၀၁၇၊ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်ထားကြောင်း သတင်းရရှိပါသည်။



## မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ ကျောင်းသား/သူများအား ဆုချီးမြှင့်ခြင်းနှင့် ၂၀၁၇-၂၀၁၈ ခုနှစ်၊ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်



မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများ၏ သား/သမီးများမှ ၂၀၁၆-၂၀၁၇ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ (၃၈၀၉)ဦးအနက် အောင်မြင်သူ (၁၃၉၁)ဦးဖြစ်၍ ၃၆.၅% အောင်မြင်ခဲ့ကြောင်း၊ ဂုဏ်ထူးရရှိမှုအနေဖြင့် (၆)ဘာသာ(၈)ဦး၊ (၅)ဘာသာ (၂၁)ဦး၊ (၄)ဘာသာ (၄၀)ဦး၊ (၃)ဘာသာ (၄၅)ဦး၊ (၂)ဘာသာ(၇၀)ဦး၊ (၁)ဘာသာ (၁၄၉)ဦး၊ ဂုဏ်ထူးရရှိသူ စုစုပေါင်း (၃၃၃)ဦးရှိကြောင်း၊ ဂုဏ်ထူးဖြင့်အောင်မြင်သူ ကျောင်းသား/သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၁၇-၂၀၁၈ ခုနှစ်၊ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ၂၆-၇-၂၀၁၇ ရက်နေ့ နံနက် ၀၉:၀၀ အချိန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခေတ္တရဲချုပ် ရဲမှူးချုပ် အောင်ဝင်းဦး တက်ရောက်၍ ဂုဏ်ပြုဆုများနှင့် ပညာသင်ထောက်ပံ့ကြေးငွေများ ပေးအပ်ချီးမြှင့်ခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှလည်း ၂၀၁၇-၂၀၁၈ ခုနှစ် တက်ရောက်မည့် ပညာသင်နှစ် တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း၊မူလတန်းကျောင်းသား/သူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ခဲတံ၊ ဘောပင်၊ မိုးကာနှင့် ထီးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## နေပြည်တော် Park Royal Hotel ၌ ACTIP , APA ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း




လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဦးဆောင်မှုဖြင့် အမျိုးသမီးနှင့်ကလေးသူငယ်များအား လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း **(ASEAN Convention on Trafficking in Person- ACTIP)** နှင့် အာဆီယံလုပ်ငန်းစီမံချက် **(ASEAN Plan of Action- APA)** အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်၊ **Park Royal Hotel** တွင် ၂၅-၇-၂၀၁၇ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့မှ အရာရှိကြီး (၂၃)ဦးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း(၃၀)ဦး တက်ရောက်ခဲ့ကြပြီး ဗဟိုအဖွဲ့အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခေတ္တရဲချုပ် ရဲမှူးချုပ် အောင်ဝင်းဦးက ဖွင့်ပွဲမိန့်ခွန်း ပြောကြားခဲ့ပါသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့၌ ကျင်းပပြုလုပ်မည့် (၃၁) ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ၌ အမျိုးသမီးနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်း **(ASEAN Convention on Trafficking in Person- ACTIP)** နှင့် အာဆီယံလုပ်ငန်းစီမံချက် **(ASEAN Plan of Action- APA)** တို့အား အတည်ပြုရာတွင် မြန်မာနိုင်ငံမှ သဘောထားပေးနိုင်ရေးအတွက် ဆိုလိုရင်းအဓိပ္ပါယ်များ၊ တာဝန်ရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းစွာ နားလည်သဘောပေါက်စေရန်နှင့် **APA** လုပ်ငန်းစီမံချက်ကို ကဏ္ဍပေါင်းစုံပါဝင်သော ချဉ်းကပ်အကောင်အထည်ဖော်ဆောင်ရွက်မှု **(Cross Sectoral)** ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲတွင် **IOM**မှ စီစဉ်ပေးသော နိုင်ငံတကာလူကုန်ကူးမှုဘာသာရပ်ကျွမ်းကျင်သူများတက်ရောက်ဆွေးနွေးခဲ့ကြပြီး ၁၆:၃၀ အချိန်တွင် ပြီးဆုံးခဲ့ကြောင်း သတင်းရရှိပါသည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ဝန်ထမ်းမိသားစုဝင်များ (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

၅-၈-၂၀၁၇ ရက်နေ့ နံနက် ၁၀:၀၀ အချိန်တွင် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ အောင်စည်သာဘုန်းကြီးကျောင်း၊ ဓမ္မာရုံ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ဝန်ထမ်းမိသားစုများ၏ (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခေတ္တရဲချုပ် ရဲမှူးချုပ် အောင်ဝင်းဦးနှင့် ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နှင့် တပ်ဖွဲ့များမှ ရဲအရာရှိကြီးများ၊ ၎င်းတို့၏ ဇနီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စုစုပေါင်း(၃၀၀)ဦး တက်ရောက်ခဲ့ကြသည်။ ရှေးဦးစွာ ပျဉ်းမနားပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလခံယူ ဆောက်တည်ခြင်း၊ ပရိတ်တရားတော်နာယူခြင်း၊ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အနုမောဒနာတရားတော်နာကြား၍ ရေစက်သွန်းချ အမျှဝေခြင်းတို့ ဆောင်ရွက်ကာ ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်ပြီး နံနက် ၁၁:၄၀ အချိန်တွင် အခမ်းအနားပြီးစီးခဲ့ကြောင်း သတင်းရရှိပါသည်။



## မြန်မာနိုင်ငံရဲတပ်ဖွဲ့အဆင့် စံပြရဲစိစစ်ရေး ရေး/ဖြေစာမေးပွဲ ကျင်းပ

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မျိုးချစ်စိတ် ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်ဟူသည့် မူဝါဒနှင့်အညီ စိတ်ဓာတ်မြင့်မားမှု၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာရှိမှု၊ စွမ်းရည်ပြည့်ဝမှုတို့အတွက် စံပြရဲစိစစ်ရွေးချယ်ရန် ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့



အဆင့် စံပြရဲ ရေး/ဖြေ စာမေးပွဲကို ၅-၈-၂၀၁၇ ရက်နေ့နံနက် ၀၉း၀၀ အချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊ အရိန္ဒမာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ရာထူး/အဆင့်အလိုက် တပ်ဖွဲ့ဝင် (၁၄၉)ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခေတ္တရဲချုပ် ရဲမှူးချုပ် အောင်ဝင်းဦးနှင့် အရာရှိကြီးများမှ ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## အခြေခံရေကြောင်းပညာ(အရာရှိ) သင်တန်းအမှတ်စဉ်(၁/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်



မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းဆိုင်ရာ အရည်အသွေး **(Professional Skill)** မြင့်မားစေရေးအတွက် တပ်မတော်(ရေ)၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ်(သန်လျင်)တွင် ၇-၈-၂၀၁၇ ရက်နေ့မှ ၂၄-၉-၂၀၁၇ ရက်နေ့အထိ ရက်သတ္တပတ် (၁၆)ပတ်ကြာ ဖွင့်လှစ်မည့် အခြေခံရေကြောင်း ပညာ(အရာရှိ)သင်တန်း အမှတ်စဉ်(၁/၂၀၁၇)သင်တန်းဖွင့်ပွဲအခမ်းအနားအား ၇-၈-၂၀၁၇ ရက်နေ့ နံနက် ၀၇း၄၅ အချိန် ကျင်းပပြုလုပ်ခဲ့ရာ ရေတပ်လေ့ကျင့်ရေးဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဌေးနိုင်က သင်တန်းအဖွင့်အမှာစကား ပြောကြားခဲ့ပြီး အခမ်းအနားသို့ တပ်နယ်မှ တပ်မှူးများ၊ အရာရှိစိစစ်သည်များနှင့် နည်းပြများ၊ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူး ရဲမှူးချုပ် မြဝင်း၊ ရေကြောင်းရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် နေမိုးသက်၊ ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မျိုးဇော်နိုင်နှင့် အရာရှိများ၊ သင်တန်းသားများ၊ စုစုပေါင်း (၇၀)ဦးခန့် တက်ရောက်ခဲ့ပြီး ဖွင့်ပွဲအပြီးတွင် ရေကြောင်းရဲတပ်ဖွဲ့မှူးက သင်တန်းသားများအား သင်တန်းခန်းမတွင် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

## ရဲတပ်သားသစ်သင်တန်း အမှတ်စဉ် (၃၀၃/၂၀၁၇) သင်တန်းဆင်းပွဲကျင်းပပြုလုပ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၂) ရဲလေ့ကျင့်ရေးကျောင်း (ဝက်ထီးကန်)တွင် ၂၀-၂-၂၀၁၇ ရက်နေ့မှ ၄-၈-၂၀၁၇ ရက်နေ့အထိ ဖွင့်လှစ်သင် ကြားခဲ့သည့် ရဲတပ်သားသစ်သင်တန်း အမှတ်စဉ် (၃၀၃/၂၀၁၇) စည်သူတပ်ခွဲ သင်တန်းဆင်းပွဲ အခမ်းအနားကို ၄-၈-၂၀၁၇ ရက်နေ့ နံနက် ၀၇း၀၀ အချိန်မှ ၀၇း၄၀ အချိန်အထိ အဆိုပါ လေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ



ကျောင်းအုပ်ကြီးရဲမှူးကြီး ကျော်တေဇ တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်း ပြောကြားခဲ့ကာ သင်တန်းထူးချွန်ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း အဆိုပါသင်တန်းသို့ သင်တန်းသား(၁၈၅)ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်းနှင့် သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ သင်တန်းနည်းပြများ၊ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ၊ စုစုပေါင်း (၄၆၀)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## တနင်္သာရီမြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

၂၂-၇-၂၀၁၇ ရက်နေ့ နံနက် ၀၇း၃၀ အချိန်မှ ၁၀း၃၀ အချိန်အထိ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စောမောင် ဦးစီးသည့် တပ်ဖွဲ့ဝင်နှင့်မိသားစုဝင်များမှ တနင်္သာရီမြို့၊ ချောင်းကြီး ရပ်ကွက်ရှိ ရှေးဟောင်း သမိုင်းဝင် မြဝတ်ဆင်စေတီတော်မြတ်ကြီး၏ ရင်ပြင်နှင့်ပရဝဏ်တို့တွင် ခြုံ/နွယ်/မြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေညှိများ ခြစ်ထုတ်ရှင်းလင်းခြင်းနှင့် စေတီတော်မြတ်ကြီးအား သန့်ရှင်းရေးပြုလုပ်ခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## လမ်းပိတ်ဆို့မှုအား ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်ဖယ်ရှားရှင်းလင်း



၂၂-၇-၂၀၁၇ ရက်နေ့ ၁၁း၀၀ အချိန်တွင် ချင်းပြည်နယ်၊ ပလက်ဝ မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပလက်ဝ-မတူပီ ကားလမ်းပေါ်၌ မြေသားများပြိုကျပြီး အလျား(၅၀)ပေ၊ အနံ(၂၀)ပေ၊ အမြင့်(၁၂)ပေခန့် လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့ရာ ပလက်ဝမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းအေး ဦးစီးသည့်တပ်ဖွဲ့ဝင်များနှင့် လမ်းဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်ရှင်းလင်း ဖယ်ရှားပေးခဲ့ကြောင်း သတင်းရရှိသည်။

## ရေဘေးသင့်ပြည်သူများအတွက် ရဲတပ်ဖွဲ့ဝင်များက ရေသန့်နှင့်ခေါက်ဆွဲခြောက်များ အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်း

၁၇-၇-၂၀၁၇ ရက်နေ့ ၁၀း၀၀ အချိန်မှ ၁၃း၀၀ အချိန်အထိ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သနပ်ကုန်း ကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ငွေသောင်ကျေးရွာနှင့် ကြည်ကုန်း ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအတွက် စလင်း မြို့မရဲစခန်းမှ ဒုတိယရဲအုပ် ကျော်မြင့်ဝင်း ဦးစီး တပ်ဖွဲ့ဝင်များက ရေသန့်ဗူးသေး (၁၁၁၆)ဗူးနှင့် ခေါက်ဆွဲခြောက်ထုပ် (၃၅၀)ထုပ်တို့အား အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။



## လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်



၃-၈-၂၀၁၇ ရက်နေ့ နံနက် ၁၁း၃၀ အချိန်မှ မွန်းတည့် ၁၂း၀၀ အချိန်အထိ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ပင်းမပလွတ် ကျေးရွာရှိ အမှတ်(၉၆) အခြေခံပညာမူလတန်းကျောင်း၌လည်းကောင်း၊ မွန်းလွဲ ၁၃၃၀ အချိန်မှ ၁၄း၃၀ အချိန်အထိ လမ်းခွကျေးရွာရှိ အမှတ်(၈)အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌လည်းကောင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ခဲ့ရာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ကသာ)မှ ရဲအုပ်မျိုးမင်းအောင်က လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများအား အသိပညာပေး ဟောပြောခဲ့ပြီး ဟောပြောပွဲများသို့ တက်ရောက်လာသည့် ဆရာ/ဆရာမများ၊ ကျောင်းသား/သူများ၊ စုစုပေါင်း (၃၈၃)ဦးတို့အား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

## “ဒီမိုကရေစီနှင့်တရားဥပဒေစိုးမိုးရေး” အလုပ်ရုံဆွေးနွေးပွဲကျင်းပ



၃၁-၇-၂၀၁၇ ရက်နေ့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်းတွင် တက်ရောက်လျက်ရှိသော စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၂) လုပ်ငန်းအကြိုသင်တန်း အမှတ်စဉ်(၂/၂၀၁၇) တွင် **“ဒီမိုကရေစီနှင့်တရားဥပဒေစိုးမိုးရေး”** အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ရာ ဦးစီးအရာရှိဦးတင်ထူးမှ **The Concept and Theories of Democracy(Rule of Law)** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူးဦးညီညီလွင်စိုးမှ **Democracy and Rule of Law (To Serve and Preserve)** ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲသို့ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ နည်းပြမှူးချုပ်၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ နည်းပြအရာရှိများ၊ သင်တန်းသား/သူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအဖြစ် မြန်မာနိုင်ငံ အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းဟောင်းများအသင်း အတွင်းရေးမှူး ဦးမိုးဆွေ၊ အဖွဲ့ဝင် ဦးထွန်းအောင်ကျော်တို့ တက်ရောက်ခဲ့ကြပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် သင်တန်းသားများမှ **Focus Group Discussion - FGD**အဖြစ် စုဖွဲ့မှု(၁၀)ဖွဲ့ စုဖွဲ့၍ စုဖွဲ့မှုအလိုက် ခေါင်းစဉ်အသီးသီးဖြင့် ဆွေးနွေးခဲ့ကာ ဆွေးနွေးချက်များအား **Flip Chart** များအသုံးပြု၍ ပြန်လည်ရှင်းလင်းတင်ပြ ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ကျောင်းအုပ်ကြီးမှ သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းဟောင်းများအသင်း အတွင်းရေးမှူး ဦးမိုးဆွေနှင့် အဖွဲ့ဝင် ဦးထွန်းအောင်ကျော်တို့မှ ဆွေးနွေးချက်များအပေါ် ဖြည့်စွက်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပ

၂၈-၇-၂၀၁၇ ရက်နေ့တွင် ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ရာသီတုပ်ကွေးရောဂါ**(H1N1)** နှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဆွေးနွေးပွဲအခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးမှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကျော်မြတ်ထွန်းမှ ဆွေးနွေးဟောပြောခဲ့ရာ အခမ်းအနားသို့ အရာထမ်း/အမှုထမ်း (၁၀၀)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ အလားတူ ၃-၈-၂၀၁၇ ရက် နေ့တွင် ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ ဖာပွန်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်ရှိ အထက(ဖာပွန်)ကျောင်း၊ ပညာရေးရတနာခန်းမ၌ ရာသီတုပ်ကွေးရောဂါ **(H1N1)** ဖြစ်ပွားမှုနှင့် ပတ်သက်၍ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ရောဂါကြိုတင်ကာကွယ်မှုဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး အခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ **NGOs**အဖွဲ့အစည်းများ၊ ဆရာ/ဆရာမများ၊ ကျောင်းသား/ သူများ၊ စုစုပေါင်းအင်အား(၄၀၀)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ အလားတူ ၂၉-၇-၂၀၁၇ ရက်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရွှေဟင်္သာခန်းမ၌ ကျင်းပပြုလုပ်သော



အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါ **(H5N1)** ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲအခမ်းအနားသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားသို့ စုစုပေါင်းအင်အား(၂၅၀)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ဂုဏ်ပြုဆုချီးမြှင့်




၁၃-၈-၂၀၁၇ ရက်နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့ ရှမ်းပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင်ကျင်းပသည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သည့် ဝန်ထမ်းသား/ သမီးများအား ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနား၌ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း၊ စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့်-၂၊ လုပ်ငန်းခွင်ဝင်သင်တန်း(၁/၂၀၁၇)တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်-၁၊ နှစ်ဦးတို့အား ပြည်နယ်အုပ်ချုပ်ရေးမှူးမှ ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ဆုချီးမြှင့်ခြင်းအခမ်းအနားနှင့် ဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲ




၂၆-၇-၂၀၁၇ ရက်နေ့တွင် ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းသား/ သမီးများအား ဆုချီးမြှင့်ခြင်းအခမ်းအနားနှင့် ဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ ပြည်နယ်အုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဦးစီးအရာရှိမှ ယခင်(၆/၂၀၁၇)ဒါဘာမှတ်တမ်းအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေအားလည်းကောင်း၊ ညွှန်ကြားရေးမှူးမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၏ ညွှန်ကြားချက်များအားလည်းကောင်း ရှင်းလင်းတင်ပြခဲ့ပြီး ၂၀၁၆-၂၀၁၇ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသူ/သား(၉)ဦးနှင့် ရိုးရိုးအောင်မြင်သူ ကျောင်းသူ/သား(၃၀)ဦး စုစုပေါင်း(၃၉)ဦးတို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် အခမ်းအနားသို့ အရာထမ်း/ အမှုထမ်းများနှင့် ကျောင်းသူ/ကျောင်းသားများ စုစုပေါင်းအင်အား (၁၈၅)ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲကျင်းပ



၁၄-၈-၂၀၁၇ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ အစည်းအဝေးခန်းမတွင် စာရေးဝန်ထမ်းများနှင့် ကွန်ပျူတာလုပ်ဆောင်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၁/၂၀၁၇)သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ (၁၁)ခုမှ သင်တန်းနည်းပြများနှင့် သင်တန်းသား/သူများ စုစုပေါင်း(၃၂)ဦး တက်ရောက်ခဲ့ကြောင်းသတင်းရရှိပါသည်။

## တရားဥပဒေစိုးမိုးရေးနှင့် လူအခွင့်အရေးတန်းတူညီမျှရေး သင်တန်းဖွင့်လှစ်

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့ တရားဥပဒေစိုးမိုးရေးစင်တာ၌ ၁၄-၈-၂၀၁၇ရက်နေ့မှ ၁၈-၈-၂၀၁၇ရက်နေ့ထိ ပြည်ထဲရေးဝန်ကြီးဌာနနှင့် **UNDP** တို့ပူးပေါင်း၍ တရားဥပဒေစိုးမိုးရေးနှင့် လူအခွင့်အရေးတန်းတူညီမျှရေးသင်တန်း အမှတ်စဉ် (၂)ကို ဖွင့်လှစ်ခဲ့ရာ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး/ ဦးစီးအရာရှိများ၊ သင်တန်းသား/သူ (၂၅ )ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါ သင်တန်းမှပို့ချသည့် သင်ခန်းစာများအား လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျကျင့်သုံးခြင်းဖြင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အောက်ခြေတွင် အုပ်ချုပ်ရေးလုပ်ငန်းများ ဆောက်ရွက်လျက်ရှိသည့် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မိမိလက်အောက်ဝန်ထမ်းများသို့ ပြန်လည်မျှဝေပေးနိုင်မည် ဖြစ်၍ တရားဥပဒေစိုးမိုးရေးနှင့် လူအခွင့်အရေးတန်းတူညီမျှရေးအတွက် အကျိုးကျေးဇူးများရရှိရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိပါသည်။



## မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်း(မန္တလေး)သို့ အလှူငွေပေးအပ်လှူဒါန်း

၂၃-၇-၂၀၁၇ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်း(မန္တလေး)သို့တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အလှူငွေကျပ်သိန်း(၂၀)ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ အလှူငွေကျပ်(၁၈)သိန်း၊ (၆)သောင်းကျပ်ကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။




## မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ........... မှ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေး အဖွဲ့ဝင်များက သက်ဆိုင်ရာဌာနအသီးသီးမှ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များအပေါ် အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စစ်ဆင်ရေးများကို ပိုမိုတိုးမြှင့် ဆောင်ရွက်ရန်၊ မူးယစ်ဆေးဝါး ပူးပေါင်းစစ်ဆေးရေးစခန်းများတွင် နည်းပညာမြှင့် အဆင့်မြင့်စစ်ဆေးရေးကိရိယာများ တပ်ဆင်နိုင်ရေး၊ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးအမှုများနှင့် ပတ်သက်၍ သတင်းအချက်အလက်မှတ်တမ်းများထားရှိပြီး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်၊ အိမ်နီးချင်းနိုင်ငံများတွင် မြန်မာနိုင်ငံသား မူးယစ်ဆေးဝါး တရားခံများ ဖမ်းဆီးရမိပါက ပူးပေါင်းစစ်ဆေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်နှင့် အမှုကြီးများမှ တရားခံပြေးများ ဖမ်းဆီးရမိရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့် သတင်းဖလှယ်ဆောင်ရွက်ရန်၊ ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်နှင့် ပူးပေါင်းဆောင်ရွက်ရန် စသည်တို့ကို အကြံပြုဆွေးနွေးလမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

## စာရေးဝန်ထမ်းအခြေခံသင်တန်းအမှတ်စဉ်(၁၅)သင်တန်းဆင်းပွဲအခမ်းအနားပြုလုပ်ခြင်း




အကျဉ်းဦးစီးဌာန ရုံး/ အကျဉ်းထောင်/စခန်းများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများစွမ်းရည် (၄)ရပ်ပြည့်ဝစေရေးအတွက် သင်တန်းများဖွင့်လှစ်လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။ အကျဉ်းဦးစီးဌာန၊ ရုံးအမှတ်(၄၉)၊နေပြည်တော်တွင် စာရေးဝန်ထမ်းအခြေခံသင်တန်းအမှတ်စဉ်(၁၅) အား သင်တန်းသား/သူ ၄၇ ဦးဖြင့် ၂၂-၅-၂၀၁၇ ရက်နေ့မှ ၁၁-၈-၂၀၁၇ရက်နေ့အထိ ရက်သတ္တ(၁၂) ပတ်ကြာဖွင့်လှစ် သင်ကြားပေးခဲ့ပြီးဖြစ်ပါသည်။

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားအား ၁၁-၈-၂၀၁၇ ရက်နေ့တွင် အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဦးတက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး ဆုရရှိသည့် သင်တန်းသား၊ သင်တန်းသူများအား ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ပါသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာအရာရှိများ၊ နည်းပြများ၊ သင်တန်းသား/သူများ စုစုပေါင်းအင်အား ၈၀ ဦး တက်ရောက်ခဲ့ကြောင်းသတင်းရရှိပါသည်။

## လက်ထောက်ကြီးကြပ်ရေးမှူး(၁) သင်တန်းအမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲအခမ်းအနားပြုလုပ်ခြင်း






အကျဉ်းဦးစီးဌာန ရုံး/အကျဉ်းထောင်/စခန်းများတွင် တာဝန် ထမ်းဆောင်နေသော ဝန်ထမ်းများ စွမ်းရည် (၄)ရပ်ပြည့်ဝစေရေးအတွက် သင်တန်းများ ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။ အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်း(အင်းစိန်မြို့)တွင်လက်ထောက်ကြီးကြပ်ရေးမှူး(၁) သင်တန်း၊ အမှတ်စဉ်(၁၄)အား သင်တန်းသား ၆၇ ဦးဖြင့် ၃၁-၇-၂၀၁၇ ရက်နေ့မှ ၂၀-၁၀-၂၀၁၇ ရက်နေ့အထိ ရက်သတ္တ(၁၂)ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားကို ၃၁-၇-၂၀၁၇ ရက်နေ့တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးညွှန်ကြားရေးမှူး ဦးအေးသွင်တက်ရောက်၍သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာ အရာရှိများ၊ နည်းပြများ၊ သင်တန်းသား/သူများ စုစုပေါင်းအင်အား ၁၀၀ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## အကျဉ်းထောင်ကျန်းမာရေးအဆင့်မြှင့်တင်ရန်အတွက် အကောင်းဆုံးမူဝါဒများ၊ အစီအစဉ်များနှင့် လက်တွေ့ဆောင်ရွက်ချက်များအား လေ့လာရန်နှင့် မူးယစ်ဆေးဝါးသုံးစွဲသူများအားထားရှိသည့် အကျဉ်းထောင်၌ ရပ်ရွာအခြေပြုနည်းလမ်းများ အသုံးပြုရေးနှင့် စပ်လျဉ်းသည့် လေ့လာရေးခရီးစဉ် (Study Tour on best policies, programmes and practices to improve prison health and discuss community-based alternatives to prison for drug users)သို့သွားရောက်ခဲ့ခြင်း



၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့မှ ဩဂုတ်လ ၄ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် အကျဉ်းထောင်ကျန်းမာရေးအဆင့်မြှင့်တင်ရန်အတွက် အကောင်းဆုံးမူဝါဒများ၊ အစီအစဉ်များနှင့် လက်တွေ့ဆောင်ရွက်ချက်များအား လေ့လာရန်နှင့် မူးယစ်ဆေးဝါးသုံးစွဲသူများအားထားရှိသည့် အကျဉ်းထောင်၌ ရပ်ရွာအခြေပြုနည်းလမ်းများ အသုံးပြုရေးနှင့်စပ်လျဉ်းသည့် လေ့လာရေးခရီးစဉ် **(Study Tour on best policies, programmes and practices to improve prison health and discuss community-based alternatives to prison for durg users)** သို့ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းဦးဆောင်သော ကိုယ်စားလှယ် ၆ ဦးတက်ရောက်ခဲ့ပါသည်။

ကိုယ်စားလှယ်အဖွဲ့သည် လေ့လာရေးခရီးစဉ်အတွင်း အင်ဒိုနီးရှားနိုင်ငံ၌ လက်တွေ့ဆောင်ရွက်နေသော ကျန်းမာရေးဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ၊ကျန်းမာရေးဝန်ကြီးဌာန၊ ရောဂါကာကွယ်ရေးနှင့် ထိန်းသိမ်းရေးဆိုင်ရာ ညွှန်ကြားရေးဦးစီးဌာန၊ **Cipinang Narcotic Prison**၊ အင်ဒိုနီးရှားနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲသူများကွန်ယက် **(PKNI)** အင်ဒိုနီးရှားနိုင်ငံရှိ ပြန်လည် ကျန်းမာသန်စွမ်းရေးလူ့အဖွဲ့အစည်း**(Karisma Foundation)**၊ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံတော်အဆင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဘုတ်အဖွဲ့ **(The National Narcotics Board of the Republilc of Indonesia)**၊ ဂျာကာတာမြို့ရှိမူးယစ်ဆေးစွဲမှုကုသရေးဆေးရုံ၊ ဘာလီဒေသရှိ တရားစီရင်ရေးနှင့် လူ့အခွင့်အရေးဝန်ကြီးဌာနနှင့် **Kerobokan** အကျဉ်းထောင်များသို့ သွားရောက်လေ့လာခဲ့ကြပါသည်။ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့ပါကြောင်း သတင်းရရှိပါသည်။

## တတိယနိုင်ငံများ ရပ်ရွာအခြေပြုစာရိတ္တပြုပြင်ပြောင်းလဲရေးသင်တန်း၏ နောက်ဆက်တွဲညှိနှိုင်းအစည်းအဝေး (Follow-up Seminar of the Third Country Training Programme focusing on the development of community-based treatment of offenders) သို့ တက်ရောက်ခဲ့ခြင်း



၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် တတိယနိုင်ငံများ ရပ်ရွာအခြေပြုစာရိတ္တပြုပြင်ပြောင်းလဲရေးသင်တန်း၏ နောက်ဆက်တွဲညှိနှိုင်းအစည်းအဝေး **(Follow-up Seminar of the Third Country Training Programme focusing on the development of community-based treatment of offenders)**သို့ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမိုးဇော် တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် စတင်ကျင်းပရာ **UNAFEI** မှ အတွင်းရေးမှူး **Mr. Keisuke SENTA**၊ ထိုင်းနိုင်ငံ တရားရေးဝန်ကြီးဌာန **Probation** ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် **Ms. AnchaleePATTANASARN**၊ ဖိလစ်ပိုင်နိုင်ငံမှ ဥပ္ပသည်တော်ပါမောက္ခ **Dr. ManuelGolloso** တို့မှ အမှာစကားပြောကြားခဲ့ပြီး ညနေပိုင်းတွင် ဖိတ်ကြားထားသည့် နိုင်ငံတစ်ခုချင်းစီမှ ကိုယ်စားလှယ်များမှ မိမိနိုင်ငံအလိုက် ဆောင်ရွက်လျက်ရှိသော အကျဉ်းထောင်အုပ်ချုပ်မှု၊ ရပ်ရွာအခြေပြုစာရိတ္တပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခြင်းတို့ ပြုလုပ်ခဲ့ပါသည်။ နောက်တစ်နေ့တွင် **Mr. OTA Tatsuya** နှင့် ညွှန်ကြားရေးမှူး **Mr. IMAFUKU Shoji** တို့မှ ၎င်းတို့နိုင်ငံ၏ **Parole** စနစ် ဆောင်ရွက်ထားရှိပုံနှင့် ရပ်ရွာအခြေပြုစာရိတ္တပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်ထားသည့် အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး **Ota City VPO Association Rehabilitation Support Center** သို့သွားရောက်လေ့လာခဲ့ကြရာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှ စောင့်ကြည့် အကျဉ်းသားများ၏ စာရိတ္တပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပါသည်။ ဆွေးနွေးပွဲအား ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် အောင်မြင်စွာကျင်းပပြုလုပ်ပြီးစီးခဲ့ကြောင်း သတင်းရရှိရပါသည်။

## တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော အကျဉ်းသား ကျောင်းသား၊ကျောင်းသူ ၇ ဦး ပြစ်ဒဏ်မှလွတ်ငြိမ်းသက်သာခွင့်ပြု၍လွှတ်ပေးခဲ့ခြင်း

အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး ကွပ်ကဲမှုအောက်ရှိ အင်းစိန်နှင့် မန္တလေးဗဟိုအကျဉ်းထောင်တို့မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့သောအကျဉ်းသား ကျောင်းသား၊ ကျောင်းသူ ၇ ဦးအား ဂုဏ်ထူးဖြင့်ထူးချွန်စွာ အောင်မြင်ခဲ့သည်ကို ချီးမြှင့်သောအားဖြင့်လည်းကောင်း၊ လူမှုရေးအရ ငဲ့ညှာသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်ပြီး ပြင်ပတွင်တက္ကသိုလ်





ပညာများဆက်လက်သင်ကြားနိုင်ရေး ရှေးရှု၍ ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၀၁(၁)အရ ၎င်းတို့ကျန်ရှိသော ပြစ်ဒဏ်များပေါ် "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသောစည်းကမ်းသတ်မှတ်ချက်ဖြင့် ၇-၈-၂၀၁၇ရက်နေ့တွင် သက်ဆိုင်ရာဒေသရှိ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ သတင်းတပ်ဖွဲ့တို့ပါဝင်သော အဖွဲ့ဝင်များဖြင့် ဆုံးမသြဝါဒစကားများပြောကြားကာ တာဝန်ရှိသူများရှေ့မှောက်တွင် လွှတ်ပေးခဲ့ကြောင်းသတင်း ရရှိပါသည်။

## NGOs အဖွဲ့များမှ ကျန်းမာရေးစစ်ဆေးကုသပေးခြင်း

အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်အသီးသီးတွင် ပြင်ပ **NGOs** အဖွဲ့များ၊ ကျန်းမာရေး ဦးစီးဌာနနှင့်ပူးပေါင်း၍ လစဉ်ကျန်းမာရေး စစ်ဆေးကုသပေးလျက်ရှိရာ ခုခံအားကျဆင်းမှုနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့များဖြစ်သော **National Aids Control Program** အဖွဲ့သည် ၁၁-၇-၂၀၁၇ ရက်နေ့တွင် အင်းစိန် ဗဟိုအကျဉ်းထောင်၊ **Asia Harm Reduction Network** အဖွဲ့သည်၁၁-၇-၂၀၁၇ရက်နေ့တွင် ရာဇဂြိုဟ်(၁)၊ ၁၈-၇-၂၀၁၇ ရက်နေ့တွင်ရာဇဂြိုဟ်(၂)စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း၊ ၂၈-၇-၂၀၁၇ရက်နေ့တွင်ဗန်းမော်အကျဉ်းထောင်နှင့် ၂၀-၇-၂၀၁၇ရက်နေ့တွင် ကလေးအကျဉ်းထောင်၊ **MSF (Holland)** အဖွဲ့သည်၁၄-၇-၂၀၁၇ရက်နေ့တွင် မြစ်ကြီးနားအကျဉ်းထောင်နှင့် ၂၂-၇-၂၀၁၇ ရက်နေ့တွင်လားရှိုးအကျဉ်းထောင်၊ **UNION ART Supply** အဖွဲ့သည် ၁၂-၇-၂၀၁၇ ရက်နေ့တွင် မန္တလေးဗဟိုအကျဉ်းထောင်၊ **Integrated Health Care** အဖွဲ့သည် ၂၈-၇-၂၀၁၇ ရက်နေ့တွင် ညောင်ရွှေအကျဉ်းထောင်တို့သို့ သွားရောက်၍ အကျဉ်းသား/သူ၊ အချုပ်သား/သူများအားနှစ်သိမ့်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပြီး လိုအပ်သောဆေးဝါးကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်းသတင်းရရှိပါသည်။



## လူမှုဝန်ထမ်းဦးစီးဌာနနှင့်အဆင့်မြင့်ပညာဦးစီးဌာနတို့မှဂုဏ်ပြုချီးမြှင့်ခြင်းနှင့်လှူဒါန်းခြင်း





အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး ကွပ်ကဲမှုအောက်ရှိ အင်းစိန်နှင့်မန္တလေး ဗဟို အကျဉ်းထောင်တို့မှ အကျဉ်းသားကျောင်းသား၊ ကျောင်းသူများ၊ အကျဉ်းသူနှင့်အတူပါရှိလာသော မူကြိုကလေးငယ်များအား လူမှုဝန်ထမ်းဦးစီးဌာနနှင့် အဆင့်မြင့်ပညာဦးစီးဌာန တာဝန်ရှိသူများမှ ၃-၈-၂၀၁၇ ရက်နေ့တွင် လာရောက်တွေ့ဆုံခဲ့ရာ တက္ကသိုလ်ဝင်တန်းအောင်မြင်သောအကျဉ်းသားကျောင်းသား၊ကျောင်းသူများအား တက္ကသိုလ်ပညာ ဆက်လက်သင်ကြားနိုင်ရေးအတွက် တစ်ဦးချင်းတွေ့ဆုံဆွေးနွေးခြင်း၊ တက္ကသိုလ်ဝင်ခွင့်သင်တန်းဖောင်များ ဖြည့်ရာတွင် မှန်ကန်မှုရှိစေရေး၊ ဝင်ခွင့်လမ်းညွှန်စာအုပ်ပါအချက်များအား ရှင်းလင်းပြသပေးခဲ့ပါသည်။

ထို့နောက် တက္ကသိုလ်ဝင်တန်းအောင်မြင်သော အကျဉ်း သားကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခြင်း၊ ကျောင်းသုံးစာရေး ကိရိယာများလှူဒါန်းခြင်း၊ မူကြိုကလေးငယ်များအတွက် ကစားစရာအရုပ်များနှင့် အာဟာရမုန့်များ ပေးဝေလှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်း



အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ စခန်းများဖြစ်သော အင်းစိန်၊ မန္တလေး၊ သာယာဝတီ ဗဟိုအကျဉ်းထောင်၊ တောင်ငူ၊ ကလေး၊ လှိုင်ကော်၊ သီပေါ၊ ဘူးသီးတောင်၊ ဖန်းမော်၊ ရွှေဘိုအကျဉ်းထောင်၊ ရွှေမြယာ၊ တောင်လေးလုံးစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း၊ တောင်ငူ(၄)မိုင်ကုန်ထုတ်စခန်း တို့ရှိ အကျဉ်းသား/သူ၊ အချုပ်သား/ သူများအား ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနမှ ကျန်းမာရေးအဖွဲ့ဝင်များသည် ခုခံကျ/ကာလသား၊ TB/HIV၊ သွားဘက်ဆိုင်ရာ၊ အထွေထွေရောဂါကု၊ အနာကြီးရောဂါ၊ စိတ်ကျန်းမာရေး၊ ခွဲစိတ်အထူးကုနှင့် သက်ဆိုင်ရာမြို့နယ်များရှိ ရောဂါတိုက်ဖျက်ရေးအဖွဲ့များ ပူးပေါင်း၍ရောဂါရှာဖွေပေးခြင်း၊ ကုသပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ဝိပဿနာတရားစခန်းပွဲများဖွင့်လှစ်ကျင်းပပေးခြင်း

အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ စခန်းများတွင် အကျဉ်းသား/သူ၊ အချုပ်သား/သူများ၏ စိတ်နှလုံးနူးညံ့သိမ်မွေ့လာစေရေး အတွက်ရည်ရွယ်၍ အကျဉ်းထောင်/စခန်းတွင်း ဝိပဿနာတရားစခန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင်မန္တလေးဗဟို အကျဉ်းထောင်၊ ကျိုင်းတုံ၊ မိတ္ထီလာ၊ တောင်ငူ၊ မြစ်ကြီးနား၊ ရမည်းသင်း၊ သရက်၊ မုံရွာအကျဉ်းထောင်တို့တွင်အကျဉ်းထောင်၊ စခန်းတွင်းဝိပဿနာတရား စခန်းများအသီးသီး ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပါကြောင်း သတင်းရရှိပါသည်။



## အသက်မွေးဝမ်းကျောင်းပညာသင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်း



အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ စခန်းများတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူများအား ပြစ်ဒဏ်မှလွတ်မြောက်သွားသောအခါ အသက်မွေးဝမ်းကျောင်းအတတ်ပညာတစ်ခုခု တတ်မြောက်သွားစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းပညာများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ဇူလိုင်လအတွင်း စစ်တွေအကျဉ်းထောင်တွင် အဆင့်မြင့်ဆိုင်ကယ်ပြုပြင်သင်တန်း၊ ညောင်ရွှေနှင့်လှိုင်ကော် အကျဉ်းထောင်တို့တွင် "ဆံသ"သင်တန်းများဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်သည် လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်သော မူဝါဒအဖွဲ့ ISDP ၏ လုပ်ငန်းဆိုင်ရာ အကဲဖြတ်ဖြစ်သူ Mr. Morten Pedersen ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



ပြည်ထဲရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်သည် လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်သော မူဝါဒအဖွဲ့ **ISDP** ၏ လုပ်ငန်းဆိုင်ရာ အကဲဖြတ်ဖြစ်သူ **Mr. Morten Pedersen** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၂-၈-၂၀၁၇ ရက်နေ့ ၁၃း၀၀ နာရီအချိန်တွင် နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၀)ရှိ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် အမြဲတမ်းအတွင်းဝန်နှင့်အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဆွေဆွေနိုင်၊ အထူးစုံစမ်းရေးစစ်ဆေးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းညွှန့်၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ ဒုတိယဌာနကြီးမှူး ရဲမှူးကြီး တင်အောင်ဝင်းနှင့် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးကျော်စိုးတို့ တက်ရောက်ခဲ့ကြပါသည်။ တွေ့ဆုံစဉ် ပြည်ထဲရေးဝန်ကြီးဌာနနှင့် **ISDP** တို့ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)၏ (၁၂)ကြိမ်မြောက်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

၈-၈-၂၀၂၀၁၇ ရက်နေ့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၏ (၁၂) ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဆရာဒကာကျောင်းဖြစ်သော နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်၊ ဘုရားကြီးကျောင်းတိုက်တွင် ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများမှ ဆရာတော် ဘဒ္ဒန္တအရိယဝံသ မဟာဂန္ထဝါစကပဏ္ဍိတ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ ဆရာတော်ထံမှ အနုမောဒနာတရားနာယူခဲ့ကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ပြီး အခမ်းအနားသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်းအင်အား (၂၅၀) ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## အင်ဒိုနီးရှားနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



အင်ဒိုနီးရှားနိုင်ငံ၊ **National Resilience Institute** မှ **Senior Lecturer of Economics** ဖြစ်သူ **Prof. Dr. H.Didin S. Damanhuri S.E., D.E.A** ဦးဆောင်သည့် အဖွဲ့ဝင်(၂၉)ဦးပါ လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဆွေဆွေနိုင်မှ ဦးဆောင်၍ (၂၂-၈-၂၀၁၇)ရက်နေ့၊ (၁၀း၀၀) အချိန်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ စုစည်းခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာနရှိ တပ်ဖွဲ့/ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ရည်မှန်းချက်တာဝန်များအား ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် အင်ဒိုနီးရှားကိုယ်စားလှယ်အဖွဲ့မှ သိရှိလိုသည်များမေးမြန်းခြင်း၊ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခြင်းနှင့် စုပေါင်းမှတ်တမ်းဓါတ်ပုံရိုက်ကူးခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး H.E. Mr. Scot Marciel ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး **H.E. Mr. Scot Marciel** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား၂၆–၇–၂၀၁၇ ရက်နေ့ နေ့လည် ၁၄း၀၀ နာရီအချိန်တွင် နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၀)ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခေတ္တရဲချုပ် ရဲမှူးချုပ် အောင်ဝင်းဦး၊ အထူးစုံစမ်းရေးစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဦးတို့ တက်ရောက်ခဲ့ပါသည်။ တွေ့ဆုံစဉ် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ဒေသဖြစ်စဉ်ကိစ္စများနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဗိုလ်ချုပ်အောင်စိုးသည် အမေရိကန်သံရုံး၏ သံရုံးဒုတိယ အကြီးအကဲ Mr. George Sibley ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဗိုလ်ချုပ်အောင်စိုးသည် အမေရိကန်သံရုံး၏ သံရုံးဒုတိယအကြီးအကဲ **Mr. George Sibley** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ၁၅–၈–၂၀၁၇ ရက်နေ့ ၁၅း၃၀ နာရီအချိန်တွင် နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၈)ရှိ သတင်းရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးနှင့်အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဆွေဆွေနိုင်၊ အထူးစုံစမ်းရေးစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းညွှန့်၊ အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် မျိုးဆွေဝင်းနှင့် သတင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်မြဝင်း တို့ တက်ရောက်ခဲ့ကြပါသည်။ တွေ့ဆုံစဉ် နှစ်နိုင်ငံ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။



## မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ လက်အောက်ရှိ တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ အဖွဲ့ဝင် တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အမှာစကားပြောကြားစဉ်

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟို အဖွဲ့လက်အောက်ရှိ တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေး အဖွဲ့၏ တတိယအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၁၇–၈–၂၀၁၇ ရက်နေ့ ၁၃း၀၀ အချိန်တွင် နေပြည်တော်၊ ရုံးအမှတ် (၁၀)၊ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်၊ တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေး အဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက အမှာစကားပြောကြားသည်။

ယင်းနောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် မြင့်အောင်က မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များအား ဆွေးနွေးတင်ပြပြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တားဆီးနှိမ်နင်းရေးဌာနမှူး ရဲမှူးကြီး ရွှေညာမောင်က လက်ရှိ မူးယစ် ဆေးဝါး ဖမ်းဆီးရမိမှု အခြေအနေ များအား ဆွေးနွေးတင်ပြသည်။

စာမျက်နှာ (၁၄) သို့

# ပြည်ထဲရေးဝန်ကြီးဌာန၏ အာဆီယံဖွဲ့စည်းထူထောင်မှုနှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ



အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု အာဆီယံအသိုက်အဝန်းအတွင်း ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့ကို အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ အာဆီယံဖွဲ့စည်းထူထောင်မှု နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာန ဆောင်းပါးပြိုင်ပွဲအား ကျင်းပခဲ့ပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားကို ၁၁-၈-၂၀၁၇ ရက်နေ့ (၁၃း၀၀)အချိန်တွင် ပြည်ထောင်စုဝန်ကြီးရုံး၊ စုစည်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ခေတ္တရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ပြီးနောက် **"ရွှေရတုဂုဏ်ဆောင်အာဆီယံအနာဂတ်အလင်းရောင်"** ခေါင်းစဉ်ဖြင့် ပထမဆုရရှိသူ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ စုံစမ်းရေးမှူး ဒေါ်နေကြာပန်း (ယွန်းဆုဝသန်)၊ **"ပေါင်းစုလို့ချစ်ကြည် အာဆီယံရွှေခရီး အနီးလေးမဟုတ်"** ခေါင်းစဉ်ဖြင့် ဒုတိယဆုရရှိသူ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ ဦးစီးအရာရှိ(စုံစမ်းရေး) ဦးသန်းထွဋ်မိုးဝင်းနှင့် **"နှစ်(၅၀)ပြည့် ရွှေရတုသို့ ရောက်ရှိခဲ့သည့် အာဆီယံ"** ခေါင်းစဉ်ဖြင့် တတိယဆုရရှိသူ ပြည်ထောင်စုဝန်ကြီးရုံးမှ ဦးစီးအရာရှိဦးဇေယျာစိုးမိုးတို့အား ပြည်ထောင်စုဝန်ကြီး ကလည်းကောင်း၊ အထူးဆုရရှိသူများအား ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများကလည်းကောင်း ဆုများ အသီးသီးချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါသည်။

# ပြည်ထဲရေးဝန်ကြီးဌာန၏ အာဆီယံဖွဲ့စည်းထူထောင်မှုနှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ဂုဏ်ပြုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ

အာဆီယံဖွဲ့စည်းထူထောင်မှုနှစ်(၅၀)ပြည့်ရွှေရတုအထိမ်းအမှတ်အဖြစ် အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု အာဆီယံအသိုက်အဝန်းအတွင်း ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့ကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၏ ဂုဏ်ပြုစုပေါင်းလမ်းလျှောက်ပွဲနှင့် သတင်းဆောင်းပါးပြိုင်ပွဲများကို ကျင်းပပြုလုပ်ခဲ့ရာ ဂုဏ်ပြုစုပေါင်းလမ်းလျှောက်ပွဲ တာလွှတ်အခမ်းအနားကို ၅-၈-၂၀၁၇ ရက်နေ့ နံနက်(၀၆၀၀) အချိန်တွင် ပြည်ထောင်စုဝန်ကြီးရုံးရှေ့ရှိ ယာဉ်ရပ်နားကွင်း၌ ကျင်းပပြုလုပ်ခဲ့ပြီး စတင်တာထွက်ခဲ့ပါသည်။ အဆိုပါလမ်းလျှောက်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် တပ်ဖွဲ့/ ဦးစီးဌာနများမှ ခေတ္တရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်၊ တပ်ဖွဲ့မှူးများနှင့် ဝန်ထမ်းများ စုစုပေါင်းအင်အား (၃၅၀)ဦးခန့် ပါဝင်ဆင်နွှဲခဲ့ကြပါသည်။ ဂုဏ်ပြုလမ်းလျှောက်ရာတွင်




ပြည်ထဲရေးဝန်ကြီးဌာနမှ စတင်ကာ ဇေယျာဌာနီလမ်းမကြီးအတိုင်း သပြေကုန်းအဝိုင်းအားပတ်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရေပန်းဥယျာဉ်ရှေ့ မီးပွိုင့်မှတစ်ဆင့် ဇေယျာဌာနီလမ်းမကြီးအတိုင်း ပြည်ထဲရေးဝန်ကြီးဌာနသို့ ပြန်လည်ပန်းဝင်ပြီး ၂.၂၉ မိုင် စုပေါင်းလမ်းလျှောက်ခဲ့ကြောင်း သတင်းရရှိပါသည်။